မြစ်ကြီးနား ဆွေးနွေးပွဲတွင် တိုင်းရင်းသားလက်နက်ကိုင်များထံသို့ သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော် က တင်သွင်းလာသည့် သဘောထားအချက်များ (နိုဝင်ဘာ ၄၊ ၂၀၁၃)

တပ်မတော်၏ သဘောထားကို ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ပြောကြားပြီး အခြေခံမူ ၆ ချက် ပါဝင်သည်။ ၎င်းတို့မှာ

၁။ ငြိမ်းချမ်းရေးရယူရန် အမှန်တကယ် ဆန္ဒရှိရန်

၂။ သဘောတူစာချုပ်များ၌ ကတိတည်ရန်

၃။ ငြိမ်းချမ်းရေး သဘောတူညီချက်များကို အမြတ်မထုတ်ရန်

၄။ဒေသခံများပေါ်တွင် ဝန်ထုတ်ဝန်ပိုး မဖြစ်စေရန်

၅။ နိုင်ငံတော်က ထုတ်ပြန်သည့် တည်ဆဲဥပဒေများကို တိတိကျကျ လိုက်နာရန်

၆။ ဒီမိုကရေစီကျင့်စဉ်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ လိုက်ပါဆောင်ရွက်ရန်တို့ ဖြစ်သည်။

သမ္မတဦးသိန်းစိန်ကလည်း

၁။ တိုင်းရင်းသား လက်နက်ကိုင်များ၏ တောင်းဆိုချက်ကို ညှိနှိုင်းဆောင်ရွက်ရန်၊

၂။ ရေးထိုးပြီးသည့် အပစ်အခတ်ရပ်စဲရေးကို ထပ်လောင်း အတည်ပြုရန်၊

၃။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲကို လုပ်ဆောင်ရန်၊

၄။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားပေါင်းစုံနှင့် အဖွဲ့အစည်းအားလုံး စုပေါင်းလုပ်ဆောင်ရန်

တို့ ပါဝင်သည့် မူဝါဒ ၄ ချက်ကို ဆွေးနွေးပွဲသို့ တင်ပြပြောကြားခဲ့ရာ အစိုးရပိုင်းအနေဖြင့် သမ္မတ၏အခြေခံမူ ၄ ချက်၊ ကာကွယ်ရေး ဦးစီးချုပ်၏ အခြေခံမူ ၆ချက် ပေါင်း ၁၀ ချက် တင်ပြခဲ့သည်။

Sources : http://burma.irrawaddy.org/news/2013/11/04/50493.html